ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

# ၂၀၁၈-၂၀၁၉ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ(ဂုဏ်ထူး)ဘွဲ့သင်တန်းများကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ |
|---|---|---|
| (က) B.E. ( NA ) | အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု)<br>Bachelor of Engineering (Naval Architecture) | (၅)နှစ် |
| (ခ ) B.E. ( MM ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းစက်မှု )<br>Bachelor of Engineering ( Marine Mechanical ) | (၅)နှစ် |
| (ဂ ) B.E. ( ME ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းအင်ဂျင်နီယာ )<br>Bachelor of Engineering ( Marine Engineering ) | (၅)နှစ် |
| (ဃ) B.E. ( PH ) | အင်ဂျင်နီယာဘွဲ့ ( ဆိပ်ကမ်းအင်ဂျင်နီယာ)<br>Bachelor of Engineering (Port and Harbour Engineering ) | (၅)နှစ် |
| (င ) B.E. ( RC ) | အင်ဂျင်နီယာဘွဲ့ ( မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ )<br>Bachelor of Engineering( River and Coastal Engineering ) | (၅)နှစ် |
| (စ ) B.E. ( MESE ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်)<br>Bachelor of Engineering ( Marine Electrical Systems & Electronics ) | (၅)နှစ် |
| (ဆ) B.Sc.(Hons;)(NS) | သိပ္ပံဂုဏ်ထူးဘွဲ့ ( ရေကြောင်းသိပ္ပံ )<br>Bachelor of Science (Honours)( Nautical Science) | (၅)နှစ် |

၂။ အထက်ဖော်ပြပါ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ(ဂုဏ်ထူး)ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ( ၅ ) နှစ်ဖြစ်ပြီး၊ သင်တန်းကာလ( ၅ )နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.Eဘွဲ့ / B.Sc(Hons;)ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်း ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ဦးရေ( ၃၂၀ )ဦးအထိသာ လက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်းအထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် (၄၇၀)နှင့်အထက် ရရှိပြီး အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏ မိဘ( ၂ )ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

( ခ ) ကျန်းမာရေး(က)အဆင့်ရှိရမည်။

( ဂ ) အမျိုးသမီးများသည် Marine Engineering ၊ Marine Electrical Systems & Electronics နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။

(ဃ) သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှု စွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများ လျှောက်ထားခွင့်မရှိ။

(င ) ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိပါသည်-

(၁ ) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဘောဂဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဇီဝဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ပထဝီဝင်

(စ )	လူတွေ့စစ်ဆေးခြင်းခံရမည်။

(ဆ)	ပညာသင်ကာလအတွင်း Workshop Skills ၊ သတ်မှတ်ထားသော ပင်လယ်ပြင်လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိအစီအစဥ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်း ဝင်ခွင့် လျှောက်လွှာပုံစံကို ၉.၇.၂၀၁၈(တနင်္လာနေ့)မှစတင်၍ တက္ကသိုလ်၏ Website www.mmu.edu.mm မှလည်းကောင်း၊ ကျောင်းသားရေးရာဌာနမှလည်းကောင်း ရယူပြီး စာတိုက်မှဖြစ်စေ၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းအပြည့်အစုံ ( ဓါတ်ပုံ-၄ပုံ၊ အမှတ်စာရင်းမူရင်း ၊နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ )တို့ဖြင့် လျှောက်ထားရမည်။ ပြည့်စုံခြင်းမရှိပါက ထည့်သွင်း စဥ်းစားမည်မဟုတ်ပါ။

၆။	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်ထားခြင်းကို ၉.၇.၂၀၁၈ (တနင်္လာနေ့)မှ ၃၁.၇.၂၀၁၈(အင်္ဂါနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။	ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဥ်းစားမည်မဟုတ်ပါ။

၈။	တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၇.၈.၂၀၁၈(တနင်္လာနေ့)တွင် ထုတ်ပြန် ကြေညာမည်ဖြစ်ပြီး ၄င်းနေ့ရက်တွင် ကျန်းမာရေးစစ်ဆေးမည့်ရက်၊ မျက်စိစမ်းသပ်စစ်ဆေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်နေ့ရက်များကို ဝင်ခွင့်အမှတ်စဥ်အလိုက် ကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။	ဝင်ခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါ၊ စာတိုက်သင်္ကေတ - ၁၁၂၉၃ သို့ တိုက်ရိုက်လျှောက်ထားရမည်။

(အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၅၈၁၃၈၀၇၇ ၊၀၉-၇၉၈၁၈၄၃၃၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။)

မော်ကွန်းထိန်း
ကျောင်းသားရေးရာဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်